ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ဆဋ္ဌမနေ့ အစီအစဉ်

[ ၂၃–၁၁–၂၀၁၅ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး စွဲနေသူများအတွက် ဆေးကုသဖြတ်တောက်သည့် ဆေးခန်း မည်မျှ ရှိ၍ မည်သည့်မြို့နယ်များတွင် ဖွင့်လှစ်ထားပါကြောင်းနှင့် ရေးမြို့နယ်၊ လမိုင်းမြို့နှင့် ခေါဇာမြို့တို့တွင် ဆေးခန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုနှင့် လာဘ်ပေး လာဘ်ယူမှုများကို အဓိကဖြေရှင်းရန် အဂတိလိုက်စားမှု

တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မည်သို့သော စနစ်ဖြင့် အရေးယူဆောင်ရွက် နေပါသနည်းနှင့် ယနေ့ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်မှု ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ မွန်ပြည်နယ်ရှိ ဘီးလင်းသကြားစက်နှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနအနေဖြင့် လက်ရှိ နှစ်ရှည်စာချုပ်ဖြင့် **AIG Co.ltd** ၏ မျက်ကွယ်ပြုမှုများအတွက် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဘီးလင်းသကြားစက် ပုံမှန်လည်ပတ်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်း တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ ညောင်ဦးမြို့နယ်၊ အင်တိုင်းကျေးရွာအနီးရှိ ရေကန်တာပေါင်ရိုးမှာ မကြာခဏ ကျိုးပေါက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ အရှည်တည်တံ့ခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော " ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် " နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် " မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။